## ဓမ္မခန္ဓာ (၁၀၁) ကပ်ဆိုး (အလ်–ကားရီအာ့တ်)

ဉာဏ်စဉ်ကိန်းဝပ်ပေးမှု အမှတ်စဉ် (၃၀)၊ သုတ်ဒေသနာ (၁၁)ပါး၊

ဦးဌေးလွင်ဦး ပြန်ဆိုသည်။

**بِسْمِ اللّٰهِ الرَّحْمَنِ الرَّحِيمِ**

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့်–[၁း၁]

| | |
|---|---|
| ၁။ | **الْقَارِعَةُ۞**<br>ကပ်ဆိုးကြီး–[၁၁၉၃] |
| ၂။ | **مَا الْقَارِعَةُ۞**<br>ကပ်ဆိုးကြီးဟူသည်– |
| ၃။ | **وَمَا أَدْرَاكَ مَا الْقَارِعَةُ۞**<br>ကပ်ဆိုးကြီးဟူသည် သင့်အား မည်သည်က တွေးသိစေအံ့နည်း။ |
| ၄။ | **يَوْمَ يَكُونُ النَّاسُ كَالْفَرَاشِ الْمَبْثُوثِ۞**<br>ထိုနေ့ကာလ၌ လူသားတို့သည် ပျံ့နှံ့လျှက် ပလူကောင်များ ပမာ ဖြစ်လတ္တံ့။ |
| ၅။<br>☆၁၃း၃၁ | **وَتَكُونُ الْجِبَالُ كَالْعِهْنِ الْمَنفُوشِ۞**<br>တောင်တန်းများသည်လည်း ဖတ်ထားသော ဝါဂွမ်းများကဲ့သို့ ဖြစ်ရလတ္တံ့။☆ |
| ၆။ | **فَأَمَّا مَن ثَقُلَتْ مَوَازِينُهُ۞**<br>သို့ဖြင့် ချိန်ခွင့်လျှာ အလေးစီးသော သူအတွက်– |
| ၇။ | **فَهُوَ فِي عِيشَةٍ رَّاضِيَةٍ۞**<br>သူသည် ဆန္ဒပြည့် ကြေနပ်နှစ်သက်ခြင်း၌ ဖြစ်ရလတ္တံ့။ |
| ၈။ | **وَأَمَّا مَنْ خَفَّتْ مَوَازِينُهُ۞**<br>သို့ဖြင့် ချိန်ခွင့်လျှာ အလေးပေါ့သော သူအတွက်– |
| ၉။ | **فَأُمُّهُ هَاوِيَةٌ۞**<br>အဝီစိမှာ သူ၏ မိခင်ဖြစ်ရလတ္တံ့။ |

**(၁၁၉၃) ကားရီအတ်**– ကပ်ဆိုးကြီး– ဆိုက်ရောက်ခြင်း ဆိုသည်မှာ တိုင်းဒေသတစ်ခု အကြီးအကျယ် ပျက်စီးရခြင်းကို ဆိုလိုပေသည်။ ထိုစကားလုံး အတိုင်းပင် သမု–တ်နှင့် အာ့ဒ် လူမျိုးတို့၏ ပျက်စီးတိမ်ကောခဲ့ရခြင်းကို ၆၉း၄ တွင် ဖေါ်ပြထားကြောင်း တွေ့ရပေသည်။ တရားတော်ကို ဆန့်ကျင်သော မတရားမှုများကို ခံမင်သော တိုင်းဒေသ နိုင်ငံတိုင်းသည် ပျက်စီးသွားရမည် ဖြစ်သည်ဟု ဤသုတ်တော်က ဆိုလိုခြင်း ဖြစ်ပေသည်။ ထိုအခါ ထိုတိုင်းဒေသအား အုပ်ချုပ်မင်းလုပ်ထားသော မတရားသည့် အာဏာပိုင်များ– ဘာသာရေးခေါင်းဆောင်များ– စီးပွားရေးခေါင်းဆောင်များ ပျက်စီးသွားရမည်ဟု သုတ်တော် ၅ တွင် တောင်တန်းများနှင့် ခိုင်းနှိုင်းပမာပေး၍ ဆိုထားပေသည်။ သုတ်တော် ၄ မှ “လူသားတို့သည် ပျံ့နှံ့လျှက် ပလူကောင်များ ပမာ ဖြစ်လတ္တံ့၊” ဆိုသည်မှာ မခံမရပ်နိုင်သော လူသားထုကြီးက အုံကြွ ဆန္ဒပြခြင်းများကို ပုံဆောင်ပေသည်။

| | |
|---|---|
| ၁၀။ | وَمَا أَدْرَاكَ مَا هِيَهْ۞<br>အဝီစိဟူသည် သင့်အား မည်သည်က တွေးသိစေအံ့နည်း။ |
| ၁၁။<br>★၂း၂၄ | نَارٌ حَامِيَةٌ۞<br>ယင်းသည် လောင်ကျွမ်းနေသော အပူမီးပင်–။[★၁၁၉၄] |

---

**(၁၁၉၄)** အထက်ပါသုတ်တော်များ ၆– မှစ၍ အလေးချိန်စီးသူ၊ အလေးချိန်ပေါ့သူ – ဆိုသည်မှာ တရားဓမ္မ၌ လေးလေးနက်နက် တန်ဘိုးထားသူ၊ တရားဓမ္မအား လုံး၀ မလေးစားသူများကို ဆိုလို၍– တရားပျက် စည်းကမ်းပျက်နေသော သူတို့သည် ကြီးမားသော ပြည်တွင်းစစ်၊ နန်းတွင်းစစ်၊ အာဏာလုမှု စစ်ပွဲကြီးအတွင်း၌ နေထိုင်ရမည်၊ ခံစားနေရမည်ဟု ဆိုလိုပေသည်။ ကျမ်းတော်တွင် ပုံဆောင်သော အပူမီး ဆိုသည်မှာ ပြည်တွင်းစစ်၊ စစ်ပွဲကြီးများကို ပုံဆောင်ကြောင်း ၂း၂၄ တွင် တွင်ကြည့်ပါ။